
ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။ အန်စီအေလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ ကရင်အမျိုးသားအစည်းအရုံးကို ဦးတည်တိုက်ခိုက်ရေးသားမှု အများဆုံးပြုလုပ်ခဲ့သည်။




ပုံ (၃)

ယခုလတွင် မြဝတီမြို့သိမ်းတိုက်ပွဲ ဖြစ်စဉ်နှင့် ပတ်သက်၍ ရေးသားမှုများပြားခဲ့သည်။ ဧပြီလအတွင်းတွင် တော်လှန်ရေး အင်အားစုများမှ ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်ရေး မြို့ဖြစ်သည့် မြဝတီမြို့ကို သိမ်းပိုက်ခဲ့သည်။ မြဝတီမြို့စောင့်တပ် ဖြစ်သည့် ခလရ (၂၇၅) တပ်ဖွဲ့ဝင်များနှင့် တပ်မ (၄၄) လက်အောက်ခံ တပ်ဖွဲ့ဝင်များမှာ ထိုင်း-မြန်မာ ချစ်ကြည်ရေး အမှတ် (၂ တံတားသို့ ဆုတ်ခွာထွက်ပြေးသွားရသည်။ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များမှ သိမ်းပိုက်ရရှိထားသည့် ခလရ (၂၇၅) မှ ပြန်လည် ဆုတ်ခွာပေးခဲ့ခြင်းနှင့် ပတ်သက်၍ စစ်ကောင်စီလော်ဘီများမှ စစ်ရေး အောင်ပွဲတစ်ခုသဖွယ် ပုံဖော်ဝါဒဖြန့်ခဲ့ပြီး ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြားတွင် သွေးခွဲရန်တိုက်ရန် ရေးသားလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။

## ၄။ နိဂုံးချုပ်

ဧပြီလ အတွင်းတွင် မီခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

ဧပြီလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ရက္ခိုင့်တပ်တော်နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်တို့အား တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။ အန်စီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များမှ ကရင် အမျိုးသား အစည်းအရုံးတို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့သည်။

တနိုင်ငံလုံးတွင် စစ်ရေး ရှုံးနိမ့်မှုများ ဖြစ်နေသော်လည်း နိုင်ငံအခြေအနေမှာ တည်ငြိမ်နေသည်ဟု ပြသလိုသည့် စစ်ကောင်စီသည် သင်္ကြန်ပွဲတော်ကို စည်ကား သိုက်မြိုက်စေရန် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ သင်္ကြန်ပွဲတော် စည်ကားနေသည်ဟု ပြသနိုင်ရန် မန္တလေးမြို့ မုံရွာမြို့နှင့် တခြားမြို့များတချို့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများ ရေကစားရန် ဖိအားပေး ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ စစ်ကောင်စီ လော်ဘီများမှလည်း သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်ဟု ဝါဒဖြန့်ခဲ့သည်။

ယခင် လများနည်းတူ ယခုလတွင်လည်း စစ်မှုထမ်း ဥပဒေနှင့် ပက်သတ်သည့် အကြောင်းအရာများ များပြားနေခဲ့သည်။ အတင်း အဓမ္မစုဆောင်းခံထားရသည့် လူငယ်များကို သင်တန်းပေးသည့် တပ်မတော် တန်းမြင့် သင်တန်းကျောင်းများမှ စစ်သင်တန်း ပေးနေသည့် ဓာတ်ပုံများ၊ ဗွီဒီယိုဖိုင်များကို အသုံးပြုကာ တပ်သားသစ်များမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည်ဟု ပုံဖော် ဝါဒဖြန့်ခဲ့ကြသည်။

ဧပြီလ အတွင်းတွင် တော်လှန်ရေး အင်အားစုများမှ ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်ရေး မြို့ဖြစ်သည့် မြဝတီမြို့ကို သိမ်းပိုက်ခဲ့သည်။ မြဝတီမြို့စောင့်တပ် ဖြစ်သည့် ခလရ (၂၇၅) တပ်ဖွဲ့ဝင်များနှင့် တပ်မ (၄၄) လက်အောက်ခံ တပ်ဖွဲ့ဝင်များမှာ ထိုင်း-မြန်မာ ချစ်ကြည်ရေး အမှတ် (၂ တံတားသို့ ဆုတ်ခွာထွက်ပြေးသွားရသည်။ ဧပြီလ ၂၁ ရက်နေ့တွင် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များမှ သိမ်းပိုက်ရရှိထားသည့် ခလရ (၂၇၅) မှ ပြန်လည် ဆုတ်ခွာပေးခဲ့ခြင်းနှင့် ပတ်သက်၍ စစ်ကောင်စီလော်ဘီများမှ စစ်ရေး အောင်ပွဲတစ်ခုသဖွယ် ပုံဖော်ဝါဒဖြန့်ခဲ့ပြီး ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြားတွင် သွေးခွဲရန်တိုက်ရန် ရေးသားလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ ဧပြီလ အတွင်းတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှုများကို စစ်ကောင်စီ ထောက်ခံသူများ၏ အုပ်စုများတွင် ထိတွေ့တုန့်ပြန်မှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။